# ကျန်းမာကောင်းမွန်သော ပြည်သူများလွတ်လပ်စွာ ထုတ်ဖော်ပြောဆို၊လုပ်ကိုင်ခွင့်ရှိသည့် ပြည်သူအဝန်းအဝိုင်း (Civic Space) ဖြစ်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း - လူ့အသက်နှင့် လူ့အခွင့်အရေးများကို အတူလက်တွဲ စောင့်ရှောက်ခြင်း

European Center for Not-for-Profit Law

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

> *"COVID-19ဟာ ကျွန်ုပ်တို့ လူ့ဘောင်အဖွဲ့အစည်းကို စမ်းသပ်စစ်ဆေးလိုက်တာပါပဲ။ ဒီဗိုင်းရပ်စ်ကို တုံ့ပြန်ရင်း ကျွန်ုပ်တို့အားလုံးဟာ လေ့လာမှုတွေ၊ နေသားတကျ ဖြစ်အောင်တွေ ပြုလုပ်နေရပါတယ်။ ဒီလို အားထုတ်မှုတွေ ပြုလုပ်ရာမှာ ကျွန်ုပ်တို့ဟာ လူ့သိက္ခာ၊ လူ့အခွင့်အရေးကို နောက်မှစဉ်းစားရမှာ မဟုတ်ပဲ ဒီအရာတွေကို ပဏာမထားကာ ဗဟိုပြု စဉ်းစားရမှာဖြစ်ပါတယ်။ COVID -19 ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်နှင့် တွန်းလှန်တိုက်ဖျက်နိုင်ရန်အတွက် ပြုလုပ်ဆောင်ရွက်ရတဲ့ အဝင်အထွက်ပိတ်ခြင်းနှင့် သွားလာမှုကန့်သတ်ခြင်း(Lockdown) အသွားအလာအကန့်အသတ်စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) နှင့် အခြားသော အစီအမံများကို လူ့အခွင့်အရေးစံသတ်မှတ်ချက်များနဲ့ အညီတင်းကျပ်စွာ ချမှတ်သွားရမှာပဲဖြစ်ပါတယ်။ ဒီစံသတ်မှတ်ချက်တွေဟာဆန်းစစ်သုံးသပ်ထားတဲ့ ဘေးဒုက္ခအန္တရာယ်အတိုင်းအတာအတွက် လိုအပ်သော၊ အချိုးကျဖြစ်သော သတ်မှတ်ချက်များဖြစ်ရပါမယ်။ ထိုကဲ့သို့ ချမှတ်ဆောင်ရွက်ခြင်းမှာပင်လျှင် လူသားများအတွက် ပြင်းထန်သော အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေဦးမှာ ဖြစ်ပါတယ်။"*
>
> **- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး**

Covid-19အား တုံ့ပြန်အဖြေရှာမှု အခြေအနေမှာ ကမ္ဘာတစ်ဝှမ်းလုံးရှိ နိုင်ငံအသီးသီး၏ အစိုးအရ နှင့် ပြည်သူတို့ စိတ်ရောကိုယ်ပါ အားစိုက်ထုတ်လုပ်ကိုင်နေရသည့် အနေအထားတွင်ရှိသည်။ ယခုကဲ့သို့ အရေးကြီးသော ကာလများတွင် **နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ မိမိတို့ တာဝန်ဖြစ်သော လူ့အခွင့်အရေးနှင့် လူ့သိက္ခာထိန်းသိမ်းခြင်းကို ပြုလုပ်ကာ လူ့အသက်ကို ကာကွယ်စောင့်ရှောက်ရန် ကြိုးစားလုပ်ကိုင်နေကြသော သက်ဆိုင်ရာအာဏာပိုင်များအတွက်** ICNL နှင့် ECNL မှ ယခုလမ်းညွှန်ကို ထုတ်ဝေလိုက်သည်။ ယခုအတိုချုပ်လမ်းညွှန်မှာ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ စည်းရုံးနိုင်ခွင့်၊ ထုတ်ဖော်ပြောကြားခွင့် နှင့် ပါဝင်နိုင်ခွင့်ကိုကာကွယ်ကာ ကမ္ဘာ့ကူးစက်မြန် ကပ်ရောဂါ Covid-19ကို ကျော်ဖြတ်နိုင်ရန်အတွက် ECNL/ICNL မှ စတင်ပြုလုပ်သော လူ့အခွင့်အရေးအခြေခံသည့် ချဉ်းကပ်မှုများမှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

**နိုင်ငံများမှ ပြုလုပ်ဆောင်ရွက်ရမည့် အချက်များ:**

**၁။ ခြိမ်းခြောက်လျက်ရှိသော ဘေးဒုက္ခ၏ သဘောသဘာဝကို သိသာရှင်းလင်းမှုရှိအောင် ဖော်ထုတ်ရန်။** Covid-19 သည် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်မှာ မှန်သော်လည်း ထိုစိန်ခေါ်မှုတစ်ရပ်လုံးမှာ အရေးပေါ်တုံ့ပြန့်အဖြေရှာမှု ပြုလုပ်ရန် လိုအပ်နေခြင်း မဟုတ်ပါ။ Covid -19 အရေးပေါ်အခြေအနေကို ကြေငြာသည့်အချိန်တွင် ၎င်းနိုင်ငံတို့သည် အရေးပေါ်ဟု ကြေငြာရန် ရည်ရွယ်ထားသော ဘေးဒုက္ခများ၏ သက်ရောက်နိုင်သော အတိုင်းအတာနှင့် သဘောသဘာဝကို တိကျစွာ ဖော်ပြရမည်။

**၂။ ကန့်သတ်မှုအတိုင်းအတာကို အတိအကျ သတ်မှတ်စီမံရမည်ဖြစ်ပြီး အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအပေါ် ကန့်သတ်မှုများမှာ လိုအပ်၍ ပြုလုပ်ခြင်းသာဖြစ်ရမည် ဖြစ်သလို အချိုးကျကျ ကန့်သတ်မှုလည်း ဖြစ်ရမည်။** Covid-19 တုံ့ပြန်မှု အစီအမံများမှာ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအပေါ် ကန့်သတ်မှု အနည်းဆုံးဖြင့် ရေးဆွဲရမည်။ ထိုကဲ့သို့ ကန့်သတ်ပြဌာန်းရန် လိုအပ်သည့်အခြေအနေသို့ ရောက်ရှိလာပါကလည်း ကန့်သတ်ထားရှိထားသော အစီအမံများ ၏ အခြေခံလိုအပ်ချက်မှာ အရေးတကြီးတုံ့ပြန်ရန် လိုအပ်သော အခြေအနေနှင့် အမှန်တကယ်ဖြစ်နေသော၊ တိကျရှင်းလင်းသော၊ လက်ရှိဖြစ်ပေါ်နေသော သို့ မဟုတ် ဖြစ်အံ့ဆဲဆဲ အန္တရာယ်တစ်ခုကို တုန့်ပြန်ရန်အတွက်သာသည်။

**၃။ အရေးပေါ်အခြေအနေကြေညာချက်နှင့် အခွင့်အရေးနှင့် လွတ်လပ်မှုကိုကန့်သတ်ချုပ်ချယ်ထားသော စီမံချက်များ ထုတ်ပြန်ပါက ပြည်သူများအားအသိပေးကြေညာချက်တစ်ခုအဖြစ်ထုတ်ပြန် ကြေညာရန်။** အများပြည်သူ လက်လှမ်းမှီသော၊ သိသာထင်ရှားသော အရင်းအမြစ်တစ်ခုမှနေ၍ ကြေညာချက်ကို ထုတ်ပြန်ရမည်ဖြစ်ပြီး ပြည်သူအများအပြားမှ လက်လှမ်းမှီသော၊ နားလည်လွယ်သော ကြေညာချက်ဖြစ်ရမည်။ လူ့အသိုင်းအဝိုင်းတွင်ရှိသော လူသားများအားလုံးမှာ ယင်းကြေညာလိုက်သော အစီအမံကို နားလည်နိုင်ရမည်ဖြစ်ပြီး ထိုကဲ့သို့ အစီအမံများကိုပြုလုပ်ရသည့် အကြောင်းအရင်း နှင့် ၎င်းတို့နိုင်ငံမှ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်မေးခွန်းထုတ်စိန်ခေါ် နိုင်ရမည် ဖြစ်သည်။

**၄။ ရေတိုအစီအမံများရေးဆွဲပြီး ၎င်းတို့မှာအသစ်ပြန်လည်ပြုပြင်ခံနိုင်သော အစီအမံများဖြစ်ရန်။** နိုင်ငံတစ်ခု၏ အရေးပေါ်အခြေအနေကာလအား ကြာရှည်စွာကြေညာမှုနှင့် အဆိုပါ အရေးပေါ်အခြေအနေအား တုံ့ပြန်ရန် အစီအမံတို့အား ကြာရှည်စွာပြဌာန်းထားမှုတို့မှာ လူ့အခွင့်အရေးထိပါးမှုကိစ္စရပ်များအား ပိုမိုဖြစ်ပွား လာစေနိုင်သည်။ နိုင်ငံတစ်နိုင်ငံ ၏ အရေးပေါ်အခြေအနေကာလသတ်မှတ်မှုမှာ ပိုမိုကြာရှည်လာပြီး ပိုမိုအမြစ်တွယ်လာသည်နှင့်အမျှ ပြည်သူလူထု၏ အစိုးရအပေါ် ယုံကြည်လေးစားမှု နှင့် လိုက်နာဆောင်ရွက်လိုမှုမှာ နည်းပါးလာမည်ဖြစ်သည်။ နိုင်ငံတစ်ခုအနေဖြင့် ဖြစ်နိုင်ပါက ရေတို၊ အသစ်ပြန်လည်စီမံနိုင်သော အစီအမံ နှင့် အလိုအလျောက်အားဖြင့် အချိန်ကာလသတ်မှတ်ပေးသည့် စည်းကမ်းများ (sunset clauses) များကို ထည့်သွင်းပေးရမည်။

**၅။ တရားဥပဒေနှင့် ညီညွတ်ခြင်းကိုဖြစ်စေသော အခြေခံမှုများ နှင့် တရားဥပဒေစိုးမိုးရေးကို အစဉ်အမြဲ လေးစားရန်။** မျှတမှုရှိသော တရားစီရင်စစ်ဆေးခြင်း၊ အပြစ်မဲ့သူဟုမှတ်ယူခြင်းနှင့် အစိုးရအနေဖြင့် ပြည်သူ့အခွင့်အရေး ပြဌာန်း ဥပဒေများကို လိုက်နာလေးစားခြင်း စသည်တို့၏ အခြေခံလိုအပ်ချက်များမှာ အရေးပေါ်အခြေအနေများတွင် လူသားအားလုံးအတွက် ဆက်လက်တည်ရှိနေရမည်ဖြစ်ပြီး ၎င်းတို့ကို လေးစားသမှုပြုရမည်ဖြစ်သည်။ရာဇဝတ်ဆိုင်ရာပြစ်မှုအသစ်များ ပြဋ္ဌာန်းခြင်း သို့မဟုတ် ရာဇဝတ်ဆိုင်ရာတရားစွဲဆိုမှုများမှတစ်ဆင့် ပြဋ္ဌာန်းမှုပြုခြင်းများမှာ မဖြစ်မနေဆောင်ရွက်ရန်သင့်မှသာ နောက်ဆုံးရွေးချယ်စရာတစ်ခုအဖြစ် ရွေးချယ်ကျင့်သုံးရမည်ဖြစ်သည်။

**၆။ အခွင့်အရေးစာချုပ်စာတမ်းမှ လိုက်နာဆောင်ရွက်ရန် တာဝန်များကို လိုက်နာဆောင်ရွက်မှု ချိုးဖောက်ခြင်း (လိုက်နာရန်ပျက်ကွက်ခြင်း) (Derogation) ကို တရားဝင်ဖြစ်အောင် ပြုလုပ်ရန်။**
နိုင်ငံတစ်ခုအနေဖြင့် အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်နှောင်မှုများ ပြုလုပ်မည်ဆိုပါက ၎င်းအနေဖြင့် derogate လုပ်ကြောင်းကို ပွင့်လင်းမြင်သာမှုရှိစေရန် နှင့် တာဝန်ယူမှုရှိစေရန် ဆီလျော်သက်ဆိုင်သော လူ့အခွင့်အရေးစာချုပ်ဆိုင်ရာ နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများ (treaty body) များထံသို့ နိုင်ငံတကာအဖွဲ့အစည်းများ ရှေ့မှောက်တွင် တရားဝင်အသိပေးချက် ပေးပို့ရမည်။

**နိုင်ငံများမှ မပြုလုပ်ရန်အချက်များ:**

**၁။ အုပ်စုတစ်ခုခုကို- ဥပမာ - ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ သို့မဟုတ် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ- ပစ်မှတ်ထားရန် အတွက် အရေးအပေါ်အခြေအနေ အစီအမံများကို အသုံးမပြုရန်။** နိုင်ငံများသည် ၎င်းတို့ချမှတ်သော အစီအမံများမှာ လူနည်းစုများနှင့် ထိခိုက်လွယ်သော အုပ်စုများ (အမျိုးသမီးနှင့် ကလေးသူငယ်များ အပါအဝင်) သို့မဟုတ် ဘာသာရေး၊ တိုင်းရင်းသား သို့မဟုတ် သီးခြားပြဋ္ဌာန်းထားသော လူမှုအဖွဲ့များ (Identified social groups) ကို ရွေးချယ်၍ဖြစ်စေ၊ ခွဲခြားဆက်ဆံခြင်းသဘောဖြစ်စေ ၎င်းတို့အား

ထိခိုက်စေသည့် အကျိုးသက်ရောက်မှုမရှိစေရန် သတိပြုရမည်။ ယင်းအစီမံများသည် အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ပစ်မှတ်ထားသော အစီအမံများမဖြစ်ရပါ။

**၂။ သဘောထားကွဲလွဲမှုကို နှိမ်နင်းသည့်သဘောသက်ရောက်သည့် လွန်ကဲသော သို့မဟုတ် ဖိနှိပ်ချုပ်ချယ်သော အစီအမံများ လက်ခံကျင့်သုံးခြင်းမပြုလုပ်ရန်။** အစီအမံများအားလုံးသည် ကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါကြောင့် လိုအပ်သည်ဖြစ်၍ အတိအကျသတ်မှတ်ထားသော အရေးတကြီးလိုအပ်ချက်များအတွက်သာဖြစ်ပြီး ထိုလိုအပ်ချက်များကို အချိုးတကျ/အချိုးညီစွာတုန့်ပြန်ရမည်။

**၃။ ကန့်သတ်ခွင့် သို့မဟုတ် ခေတ္တရပ်ဆိုင်းခွင့်မရှိသော စာချုပ်စာတမ်းကိုအခြေခံကာရေးဆွဲထားသည့် အခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်မှု မပြုလုပ်ရန်။** ကပ်ဘေး၏ အတိုင်းအတာကြောင့်ပင်ဖြစ်စေ သို့မဟုတ် ကပ်ဘေး၏ အရင်းအမြစ်ကြောင့်ပင်ဖြစ်စေ၊ မည်သို့ပင်ဆိုစေကာမူ ယခုဖော်ပြပါ စာချုပ်စာတမ်းပါလိုက်နာရန် တာဝန်ဝတ္တရားများကို အရေးပေါ်အခြေအနေ၌ပင်လျှင် ချိုးဖောက်၊ယုတ်လျော့၊ ပျက်ကွက်ခြင်း မပြုရပါ- အသက်ရှင်သန်ခွင့် ၊လွတ်လပ်စွာ တွေးခေါ်ခွင့်၊အမှားအမှန် ဝေဖန်ပိုင်းခြားခွင့် နှင့် ကိုးကွယ်ခွင့် ၊ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း၊ ကျွန်ပြုခြင်းနှင့် ကျွန်အရောင်းအဝယ်ပြုခြင်း ၊စာချုပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များအားလိုက်နာရန်ပျက်ကွက်ခြင်းအတွက် ထောင်ဒဏ်ချမှတ်ခြင်း နှင့် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု သို့မဟုတ် နောက်ကြောင်းပြန်အရေးပြန်ယူနိုင်သည့်ဥပဒေအား အသုံးချခြင်း။

**၄။ နိုင်ငံတကာဥပဒေတွင် ချွင်းချက်မရှိ အပြည့်အဝလိုက်ပေးအပ်ရမည့် (absolute) အခွင့်အရေးများကို ကန့်သတ်ချုပ်နှောင်ခြင်းမပြုလုပ်ရန်။** ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီမှ ဖော်ပြထားသည်မှာ အရေးပေါ်အခြေများ၌ပင်လျှင် နိုင်ငံတစ်ခု၏လှုပ်ရှားဆောက်ရွက်မှုအပေါ် သတ်မှတ်ထားသောကန့်သတ်ချက်အချို့- ဥပမာ- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကိုလိုက်နာရန် နှင့် ဓားစားခံအဖြစ်ဖမ်းဆီးခေါ်ဆောင်ခြင်းမပြုရန်၊ အုပ်စုလိုက်အပြစ်ပေးမှု (Group Punishment)မပြုလုပ်ရန်၊ လူသားများ၏လွတ်လပ်ခွင့်ကို တရားမဝင်ပိတ်ပင်ခြင်း နှင့် အပြစ်မဲ့သူဟူ၍ ခံယူထိုက်ခြင်း အပါအဝင် မျှတသော တရားစွဲဆိုစစ်ဆေးမှုများအတွက် အခြေခံမူများမှ သွေဖီခြင်းမပြုရန်- မှာ အကြွင်းမဲ့သက်ရောက်မှုရှိသည်။

**၅။ ရေရှည်အစီအမံရေးဆွဲခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုလုပ်ရန်**။ အစီအမံကျင့်သုံးမှု ကြာမြင့်ချိန်အပါအဝင် အရေးပေါ်အခြေအနေအစီအမံအားလုံးတို့သည် ၎င်းတို့၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် စွက်ဖက်မှုအနည်းဆုံးသော အစီအမံများသာ ဖြစ်ရမည်။ အရေးပေါ် ဖြစ်ပေါ်လာသော ကိစ္စ၏ ကြာမြင့်နိုင်ခြေအတိုင်းအတာကို မသိရှိနိုင်ပါက အစီအမံများမှာ ရေတိုသာ ဖြစ်သင့်ပြီး အသစ်ပြန်လည်ပြုပြင်ခံနိုင်သော အစီအမံများဖြစ်ရမည်။

*နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်မူဘောင်အတွင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများပြုလုပ်ရာတွင် လူ့သိက္ခာ၊ လူ့အခွင့်အရေးနှင့် လူသားတို့၏ အခြေခံလွတ်လပ်ခွင့်ကို လေးစားရန်လိုအပ်ပြီး ၎င်းတို့အခွင့်အာဏာဖြင့် ပေးအပ်နိုင်သောကျန်းမာရေးစောင့်ရှောက်မှုများကို ပွင့်လင်းမြင်သာမှုရှိစွာ၊ ခွဲခြားမှုမရှိပဲ ပေးအပ်ရမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကြေငြာထားသည်မှာ လူ့အခွင့်အရေးနှင့် ကျန်းမာရေးတို့၏ အဓိကကျသော အခြေခံမူတို့တွင်* ***တာဝန်ယူမှု၊တာဝန်ခံမှု၊ သာတူညီမျှမှု၊ ခွဲခြားဆက်ဆံခြင်းမပြုလုပ်မှု နှင့် ပါဝင်ဆောင်ရွက်ခွင့်*** *တို့ပါဝင်သည်။ အခွင့်အရေးကို အခြေခံထားသော ချဉ်းကပ်မှု၏ ဝိသေသတစ်ခုဖြစ်သော အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှု (Meaningful participation)ဆိုသည်မှာ နိုင်ငံအဆင့်ပါဝင်ပတ်သတ်သူများ-အစိုးရမဟုတ်သော ပါဝင်လှုပ်ရှားသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ- မှာ အစီအစဉ်ရေးဆွဲခြင်း၏ အဆင့်ဆင့်ဖြစ်သော အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်း၊ အစီစဉ်ဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတွင် အဓိပ္ပါယ်ရှိစွာ ပါဝင်ခြင်းဖြစ်သည်။ ပါဝင်ဆောင်ရွက်မှု (Participation)မှာ အစိုးရတစ်ရပ်တည်းဦးဆောင်သောစနစ်မှ တစ်ဦးတည်း အကြွင်းမဲ့အာဏာကို ကျင့်သုံးခြင်းမပြုနိုင်အောင် ထိန်းကျောင်းနိုင်သဖြင့် အရေးပါသည်။*

***ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လူ့အခွင့်အရေး အခြေခံမူများ***

**၆။ အခွင့်အရေးနှင့် လွတ်လပ်ခွင့် ချိုးဖောက်မှုအတွက် ကုစားမှုများကို ကန့်သတ်ချုပ်ချယ်ခြင်းမပြုလုပ်ရပါ။**

နိုင်ငံတစ်ခုသည် အရေးပေါ်အခြေအနေတွင် ၎င်းနိုင်ငံအတွင်း သတ်မှတ်ထားသည့် အသက်ဝင်လျက်ရှိသော အချို့သော လုပ်ထုံးလုပ်နည်းအချို့ကို ချိန်ညှိမှုပြုလုပ်လျှင်ပင်လျှင် အခွင့်အရေးနှင့် လွတ်လပ်ခွင့် ချိုးဖောက်မှုများအတွက် ထိရောက်သော ကုစားမှုများ - ဥပမာ တရားစီရင်ထုံးများကို လက်လှမ်းမီခြင်း - ကို ပေးအပ်ထားရမည် ဖြစ်သည်။။

## အရင်းအမြစ်နှင့် ဥပဒေဆိုင်ရာအခြေခံအချက်အလက်များ-

UN International Covenant on Civil and Political Rights Article 4; ( ကုလသမဂ္ဂပြည်သူ့အခွင့်အရေးနှင့်နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်, အပိုဒ် ၄)

UN Human Rights Committee general comment No. 29;
(ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၏ General Comment နံပါတ် ၂၉)

UN Special Rapporteur on the promotion and protection of human rights and fundamental freedoms while countering terrorism, The human rights challenge of states of emergency in the context of countering terrorism, A/HRC/37/52;

(ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ အကြမ်းဖက်မှုကို တွန်းလှန်တိုက်ဖျက်စဉ် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ခြင်း၊ အကြမ်းဖက်မှုကို တွန်းလှန်တိုက်ဖျက်စဉ်အခြေအနေတွင်းတွင်ရှိနေသော အရေးပေါ်ကာလများကြား လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများ၊ A/HRC/37/52)

International Health Regulations 2005. 2nd ed. World Health Organization; 2008. (အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် ၂၀၀၅၊ ဒုကြိမ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့)